July 24 , 2023 | Volume 68, Number 15

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

၂၄.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၉US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၄.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၉.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## စက်မှုဇုန်များနှင့်ပြည်တွင်းကုန်ထုတ်လုပ်ငန်းများမှ ထုတ်လုပ်သည့်ထုတ်ကုန်များကို ကုန်သွယ်ခွန်လျှော့ချကောက်ခံပေးရန် ညှိနှိုင်းနေသည်ဟု ကုန်သွယ်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ပြောကြား

စက်မှုဇုန်များနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ကုန်သွယ်ခွန် လျှော့ချကောက်ခံပေးရန် ညှိနှိုင်းနေသည်ဟု ကုန်သွယ်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ပြောကြားသည်။

ကုန်သည်စက်မှုအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ယင်းသို့ပြော ကြားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးကဏ္ဍ၏ လက်တွေ့မြေပြင် အခြေအနေများ၊ အခက်အခဲများ တင်ပြရာတွင် သက်ဆိုင်ရာအသင်းများအလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ဖြေရှင်းနိုင်မည့် နည်းလမ်းများပါ ကြိုတင်ပြင်ဆင်ထားစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍကို အားကောင်းစွာ ကိုယ်စားပြုသည့်အသင်းများ ထွက်ပေါ်စေလိုကြောင်း၊ အသင်းချုပ်မှလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ကုန်သွယ်ခွန်လျှော့ချကောက်ခံပေးရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း အသင်းဥက္ကဋ္ဌ ဦးအေးဝင်းက ပြောကြားသည်။

ထို့ပြင် အသင်းချုပ်ရှိ လုပ်ငန်းကော်မတီများကလည်း သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဖြင့် တာဝန်ခွဲဝေ ဆောင်ရွက်စေလိုကြောင်း၊ လုပ်ငန်းများလုပ်ဆောင်ရာတွင် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရန်လိုသည့်အပြင် လက်ရှိမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ချိန်ဆပြီးလုပ်ရသည်ဖြစ်သည့်အတွက် လိုအပ်ချက်များရှိလျှင် နားလည်ပေးစေလိုကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုလုပ်ဆောင်ရာတွင် အများအကျိုးအတွက် တူညီသည့် ရပ်တည်ချက်များရှိရန် လိုအပ်ကြောင်းဆက်လက် ပြောကြားသည်။

အစည်းအဝေးသို့ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသောင်းတင်၊ ဒေါက်တာမျိုးသက်၊ ဦးရဲမင်းအောင်၊ ဦးအေးထွန်း၊ ဒေါက်တာဝင်းစည်သူ၊ ဦးဆန်းလင်း၊ အထွေထွေ အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းသန့်၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြသည်။

**Source:** https://news-eleven.com/article/251155


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အွန်လိုင်းဖြင့် ကုန်စည်ဖြစ်စေ၊ ဝန်ဆောင်မှုဖြစ်စေ ရောင်းချသည့်လုပ်ငန်းများ ခြောက်လအတွင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်မရှိဘဲ ဆောင်ရွက်နေပါက ယင်းလုပ်ငန်းကို ဥပဒေအရအရေးယူမည်ဟုထုတ်ပြန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့် အမိန့်**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်လိုက်သည်။

၂။ မည်သူမဆို အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့် နေ့ရက်မှ စတင်၍ မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်း တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်။

(ပုံ)
အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၁/၂ - ၁၈ / ၂၀၂၃ ( ၄၃ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

အွန်လိုင်းဖြင့် ကုန်စည်ဖြစ်စေ၊ ဝန်ဆောင်မှုဖြစ်စေ ရောင်းချသည့် လုပ်ငန်းများ ခြောက်လအတွင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး မှတ်ပုံတင်မရှိဘဲ ဆောင်ရွက်နေပါက ယင်းလုပ်ငန်းကို ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃ ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အဆိုပါအမိန့်ကိုထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရ သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်လိုက်သည်။

မည်သူမဆို အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားရရှိပြီးမှသာ လုပ်ကိုင်ရမည်ဖြစ်သည်။ အဆိုပါ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့်နေ့မှစတင်၍ မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်းတွေ့ရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆိုသည်မှာ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အွန်လိုင်း online စနစ်မှတစ်ဆင့် ဝန်ဆောင်မှုပေး၍ ရောင်းချသည့်လုပ်ငန်းကို ဆိုလိုခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက်စွဲဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကို အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ ကိုပါ ပူး တွဲထုတ်ပြန်ထားသည်။

မှတ်ပုံတင်လက်မှတ်ဆိုသည်မှာ အဆိုပါအမိန့်အရ ကုန်သွယ်ရေးဦးစီးဌာနကထုတ်ပေးသော အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ဖြစ်သည်။

**Source:** https://news-eleven.com/article/251121

## ဝယ်လိုအားကောင်းနေဆဲ မတ်ပဲ

ယခုသီတင်းပတ်အတွင်း ရေဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုအနည်းငယ်သာရှိပြီး ဈေးတန်းတစ်ခုတွင် တည်ငြိမ်နေကြောင်းတွေ့ရသည်။

တစ်ပတ်အတွင်း နေ့စဉ်ဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဇူလိုင်လ ၁၇ ရက်နေ့တွင် မတ်ပဲတစ်တင်းဈေး ကျပ် ၇၃၅၀၀၊ ၁၈ ရက်နေ့တွင် ကျပ် ၇၄၀၀၀၊ ၁၉ ရက်နေ့တွင် ကျပ် ၇၄၂၀၀၊ ၂၀ ရက်နေ့တွင် ကျပ် ၇၃၈၀၀၊ ၂၁ ရက်နေ့တွင် ၇၃၅၀၀၊ ၂၂ ရက်နေ့တွင် ကျပ် ၇၃၀၀၀ အသီးသီး ဖြစ်ခဲ့ပါသည်။

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် မိုးရေလုံလောက်စွာမရရှိမှုကြောင့် ပဲစိုက်ပျိုး ဧရိယာများကျဆင်းခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမ ၆ လပတ်အတွင်း ယခင်နှစ်ကာလတူ နှိုင်းယှဉ်ချက်အရ ပဲပိုမိုတင်သွင်းခဲ့ရကြောင်း သိရှိရသည်။ ယခုဘဏ္ဍာနှစ်အတွင်း ဇွန်လအထိ မြန်မာမတ်ပဲ တန်ချိန် ၄ သိန်းနှင့် ၄ သိန်းခွဲကြား၊ ပဲစင်းငုံတန်ချိန် ၅ သောင်း တင်သွင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင်လည်း မတ်ပဲနှင့် ပဲစင်းငုံ ကွန်တိန်နာ ၃၁၀ လုံးပါဝင်သော သင်္ဘော ၁ စီး အိန္ဒိယသို့ ထွက်ခွာခဲ့ပြီး ဩဂုတ်လ ၂ ရက်နေ့ နှင့် ၇ ရက်နေ့တွင်လည်း အလားတူ ပဲတင်သင်္ဘောများ ထွက်ခွာရန်ရှိနေကြောင်း သိရှိရသည်။

မြန်မာမတ်ပဲ CNF ဈေးနှုန်း ၁ တန်လျှင် ၉၄၀ ဒေါ်လာနှင့် ပဲစင်းငုံ CNF ဈေးနှုန်း ၁၂၅၀ ဒေါ်လာဖြစ်ပြီး ပြည်တွင်းမတ်ပဲဈေးနှုန်းအတက်အကျမှာမူ မြန်မာငွေကြေးဈေးနှုန်း အတက်အကျပေါ်တွင် အဓိကမူတည်နေကြောင်း တွေ့ရှိရသည်။

**Source: ရောဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး**

## တရုတ်နယ်စပ်မှ အဝယ်လိုက်၍ ပဲတီစိမ်းဈေး အနည်းငယ်ပြန်တက်

တရုတ်နယ်စပ် ကျယ်ဂေါင်မှ အရောင်းအဝယ်လိုက်လာသောကြောင့် ယခုတစ်ပတ်အတွင်း ပြည်ပပို့ကုန် ပဲတီစိမ်း ဈေးများ ကျနေရာမှ အနည်းငယ်ပြန်တက်လာကြောင်း ပဲတီစိမ်းရောင်းချသူများထံမှ သတင်းရရှိသည်။ အခြားပဲများ ငွေကြေး ဈေးကွက်ပေါ်မူတည်ပြီး ဈေးအတက်အကျရှိနေသော်လည်း ပဲတီစိမ်းကတော့ တရုတ်အဝယ်မရှိ၍ ၂ လ နီးပါး ဈေးငြိမ်နေခဲ့ပြီး ယခု ပြန်မြင့်တက်လာခြင်းဖြစ်သည်။

ရာသီပေါ်စတွင် ပဲတီစိမ်း ထိပ်စသုံးတင်းဝင် တစ်အိတ်လျှင် နှစ်သိန်းကျပ်၊ အညံ့စား ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ် မှ ၁၆၀၀၀၀ ကျပ် ပေါက်ဈေးရှိရာမှ အညံ့စား ပဲတီစိမ်းသုံးတင်း ဝင်တစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်၊ ထိပ်စ ၁၇၁၀၀၀ ကျပ်ထိ ဈေးကျဆင်းခဲ့သည်။ မန္တလေး ပဲတီစိမ်းဈေးကွက်တွင် ယခုတစ်ပတ်အတွင်း တရုတ်ဝယ်လက်ရှိလာသဖြင့် ပဲတီစိမ်း ထိပ်စ သုံးတင်းဝင် တစ်အိတ်လျှင် ၁၇၃၀၀၀ ကျပ်၊ အညံ့စားပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်သို့ ဈေးတက်လာခြင်းဖြစ်ပြီး ၄၀၀၀ ကျပ် မှ ၁၀၀၀၀ ကျပ်ကြား ဈေးမြင့်တက်လာခြင်းဖြစ်သည်။

"ဈေးကွက် ပြန်လိုက်လာလို့ ဈေးနည်းနည်း ပြန်တက်ပါတယ်။ အဓိကတော့ တရုတ်က ဆွဲတာပါ။ ငွေဈေးကလည်း ငြိမ်နေတော့ အတက်၊ အကျ အဲလောက် မကြမ်းပါဘူး" ဟု မန္တလေးမြို့ ပဲမျိုးစုံရောင်းဝယ်နေသည့် ဝင်းဝင်းပွဲရုံမှ တာဝန်ခံ ကိုရဲမိုးကပြောသည်။ မန္တလေးမြို့ ပဲတီစိမ်းဈေးကွက်တွင် တရုတ်အဝယ်လိုက်နေသောကြောင့် မကွေးမြို့၊ သပိတ်ကျင်းမြို့၊ အောင်လံမြို့နှင့် ပဲတီစိမ်း အစိုက်များသည့် ရောဝတီတိုင်းဒေသကြီးကပါ ပဲတီစိမ်း တင်ပို့ရောင်းချမှုများရှိနေကြောင်း မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်မှ သတင်းရရှိသည်။

"ပဲတီစိမ်းက မကွေးမှာလည်း တက်တယ်။ အဝယ်လည်း လိုက်တယ်။ အရောင်းသွက်တယ်။ မကွေး ထိပ်စကတော့ မန္တလေးမြို့ ဈေးကွက်မှာတော့ မကွေးထိပ်စ သုံးထောင်လောက် ပြန်တက်လာတယ်" ဟု မကွေးမြို့ မြင့်မြတ်တော်ဝင်ပွဲရုံမှ တာဝန်ခံ ကိုအောင်ဇော်ထွန်းကပြောသည်။ မကွေးမြို့ ပဲတီစိမ်းဈေးကွက်တွင် ပွင့်ဖြူမြို့နယ်၊ မင်းဘူးမြို့နယ်၊ မင်းလှမြို့နယ် တို့မှ ပဲတီစိမ်းအဝင်များပြီး ပိဿာနှစ်ဆယ်ဝင် တစ်တင်းအိတ် တစ်အိတ်လျှင် ၅၇၀၀၀ကျပ် မှ ၅၈၀၀၀ ကျပ် အကြားမှ ၆၀၀၀၀ ကျပ်သို့ ဈေးတက်လာခြင်း ဖြစ်သည်။ မန္တလေးမြို့ ကုန်စည်ဒိုင်ဈေးကွက်တွင် ပဲတီစိမ်း အညာ သုံးတင်းဝင်တစ်အိတ်လျှင် ၁၅၅၀၀၀ကျပ် မှ ၁၇၄၀၀၀ ကျပ် အကြား၊ ပိဿာဈေးမှာ တစ်ပိဿာလျှင်၂၇၅၆ ကျပ်မှ ၃၀၉၃ ကျပ်၊ ပဲတီစိမ်း အခွံ သုံးတင်းဝင် တစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်မှ ၁၄၀၀၀၀ ကျပ် အကြား၊ ပိဿာ ဈေးမှာ ၂၄၀၀ ကျပ် မှ ၂၄၈၉ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ဇူလိုင်လ ၁၈ ရက်ပေါက်ဈေးအရ ပဲတီစိမ်း ပခုက္ကူ အသစ်၊ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်မှ ၂၆၇၀ ကျပ်အကြား၊ ပဲတီစိမ်း ခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာလျှင် ၃၇၀၀ ကျပ်၊ ပဲတီစိမ်း ပဲခူး ရွှေဝါ တစ်ပိဿာလျှင် ၃၄၁၅ ကျပ်၊ ပဲတီစိမ်း ဝါးခယ်မ တစ်ပိဿာလျှင် ၂၆၆၅ ကျပ် မှ ၂၉၇၀ ကျပ်အကြား ဈေးပေါက်လျှင်ရှိပြီး ယခုတစ်ပတ်အတွင်း အတက်၊ အကျမရှိဘဲ ဈေးငြိမ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပဲတီစိမ်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ဒေသနှစ်ခုလုံးတွင် စိုက်ပျိုးကြပြီး တစ်နိုင်ငံအတိုင်းအတာအနေဖြင့် ဟတ်တာ ၁ ဒသမ ၂၄ သန်းကျော် စိုက်ကြကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

**Source: Myanma Awba**

## ငရုတ်သီးများ လာမည့်စက်တင်ဘာလောက်တွင် ဈေးကောင်းရနိုင်



မန္တလေးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ငရုတ်သီးများမှာ လက်ရှိတွင် ဈေးကွက်အေးနေပြီး လာမည့် စက်တင်ဘာလလောက်တွင် ဈေးကောင်းရလာနိုင်ကြောင်း ဝမ်းတွင်းမှ ငရုတ်သီးပွဲရုံအချို့က သုံးသပ်သည်။

ယခုနှစ်တွင် ငရုတ်သီးအထွက် နည်းပါးသည့်အပြင် အခြေအနေ အရပ်ရပ်ကြောင့် အရောင်းအဝယ် အေးနေသည်ဟုဆိုသည်။ “ ပြီးခဲ့တဲ့ လတွေကလည်း ဒီအတိုင်းပဲ။ ဝယ်လက်နည်းလို့ ဈေးအေးနေတော့ ဈေးက ပုံမှန်ပဲရှိနေတယ်။ ငရုတ်သီးစိုက်တဲ့သူတွေလည်း ရာသီဥတု ကြောင့် ဒီနှစ်မှာ သုံးပုံတစ်ပုံလောက်ပဲ ထွက်တယ်။ နောက် မိုးကောင်းမှ အထွက်နည်းနည်းပိုမှာပဲ ”ဟု သိန်းငရုတ်သီးပွဲရုံ ပိုင်ရှင်ကပြောသည်။

ငရုတ်သီးဈေးကွက်တွင် ဖ၉၂ ငရုတ်အစိုဈေးမှာ တစ်ပိဿာ ငွေကျပ် ၄၀၀၀-၄၃၀၀ ဝန်းကျင်နှင့် ငရုတ်သီးခြောက် တစ်ပိဿာ ငွေကျပ် ၁၄၀၀ ဝန်းကျင်သာရှိကြောင်း၊ လာမည့်စက်တင်ဘာတွင် ဈေးကွက်ကောင်းလာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ “ငရုတ်သီးခြောက်ကို အမှုန့်ဖြစ်အောင်လုပ်တဲ့အခါ လက်ရှိပေါက်ဈေးနဲ့ဆိုရင် အရောအနှောကင်းတဲ့ အမှုန့် ရောင်းသူတွေ ဈေးမကိုက်ဘူး။ ငရုတ်သီးမှုန့် စစ်စစ်ရဖို့ အတောင့်တစ်ပိဿာမှ ၇၈ ကျပ်သားပဲရတယ်” ဟု ငရုတ်သီးမှုန့် ထုတ်လုပ်သူတစ်ဦးက ပြောသည်။

ပြည်တွင်းမှ ငရုတ်သီးကို ထိုင်းနိုင်ငံသို့ အများအပြားတင်ပို့ ရောင်းချသော်လည်း ပြည်ပဝယ်လက်နည်းပါးသဖြင့် ပြည်တွင်းဈေးကွက်တွင်လည်း ဈေးအေးနေကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မိတ္ထီလာ၊ မြင်းခြံ စသည့်ဒေသများတွင် စိုက်ပျိုးမှုများပြားပြီး ယခုနှစ်တွင် ယခင်ထက် အထွက်နှုန်းကျဆင်းကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယအစိုးရ ကြက်သွန်နီ တန်ချိန် ၃ သိန်း အရန်သိုလှောင် ကြာကြာအထားခံရန် ဓာတ်ကင်

အိန္ဒိယအစိုးရက ယခုနှစ်တွင် အရန်သိုလှောင်မှုအဖြစ် ကြက်သွန်နီကို ယမန်နှစ်ကထက် ၂၀ ရာခိုင်နှုန်း ပိုမိုဝယ်ယူခဲ့ရာ တန်ချိန် ၃ သိန်းအထိ ဝယ်ယူခဲ့သည်။

သိုလှောင်မှု ကြာကြာအထားခံရန် Bhabha Atomic Research Center (BARC) အကူအညီဖြင့် ကြက်သွန်နီများကို ဓါတ်ရောင်ခြည်ဖြင့် စမ်းသပ်ဓာတ်ကင်ခဲ့သည်ဟု စားသုံးသူရေးရာ အမြဲတမ်း အတွင်းဝန် Rohit Kumar Singh က ပြောကြားသည်။ ပြီးခဲ့သည့်၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အစိုးရသည် အရန်သိုလှောင်မှုအဖြစ် ကြက်သွန်နီတန်ချိန် ၂ ဒသမ ၅၁ သိန်း ဝယ်လှောင်ထားခဲ့သည်။

အရန်သိုလှောင်မှုကို ဈေးနှုန်းတည်ငြိမ်ရေးရန်ပုံငွေ Price Stabilisation Fund (PSF) ဖြင့် ဝယ်ယူသည်။ ကြက်သွန် အထွက်နည်းသည့်ရာသီတွင် ကြက်သွန်နီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာပါက ထုတ်ရောင်းပြီး ဈေးထိန်း ပေးသည်။ “ပွဲတော်ရာသီမှာ ဖြစ်ပေါ်လာမယ့် ဝယ်လိုအား မြင့်တက်တဲ့အခြေအနေတွေကို ဖြည့်ဆည်းနိုင်ဖို့ ဒီနှစ်မှာ အစိုးရက တန်ချိန် ၃ သိန်းအထိ တောင့်တောင့်တင်းတင်း သိုလှောင်ပေးထားပါတယ်။ ကြက်သွန်နီ ပြဿနာမရှိစေရဘူး” ဟု Singh က ပြောကြားသည်။

နောက်လာမည့် ကြက်သွန်နီ အသစ်ပေါ်ချိန်မှာ အောက်တိုဘာလတွင်စတင်သည်။ “ပုံမှန်အားဖြင့်တော့ လက်လီ ဈေးကွက် မှာ ကြက်သွန်နီဈေးက ကြက်သွန်နီအသစ်တွေ ဈေးကွက်ထဲမဝင်မချင်း ရက်ပေါင်း ၂၀ လောက်အထိ ဈေးတက်လေ့ရှိပါ တယ်။ ဒါပေမဲ့ အဲဒီလို ဈေးတက်တာမျိုး ဒီနှစ်မှာရှိတော့မှာ မဟုတ်ဘူး" ဟု ၎င်းကပြောကြားသည်။

စားသုံးသူရေးရာဝန်ကြီးဌာနသည် အဏုမြူစွမ်းအင် ဦးစီးဌာနနှင့် Bhabha အဏုမြူသုတေသနဌာနတို့နှင့်အတူ ကြက်သွန်နီ များ သိုလှောင်ရန် ဓာတ်ကင်သည့် နည်းပညာကို ကြိုးပမ်းလျက်ရှိသည်။ "စမ်းသပ်ကြည့်တဲ့အနေဖြင့် Maharashtra ရှိ

Lasalgaon မှာ Cobalt-60 မှ ဂမ်မာရောင်ခြည်ဖြင့် တန်ချိန် ၁၅၀ ရှိတဲ့ ကြက်သွန်နီတွေကို ဓာတ်ကင်ပေးပါတယ်။ ရောင်ခြည်ကို စမ်းသပ်နေပါတယ်။ ကြက်သွန်နီတွေ ပိုကြာကြာ အထားခံမှာဖြစ်ပါတယ်" ဟု Singh က ပြောကြားသည်။

၂၀၂၂- ၂၃ ဘဏ္ဍာနှစ်တွင် အစိုးရသည် တန်ချိန် ၂.၅၁ တန် ဝယ်ယူခဲ့သည်။ ၂၀၂၂ စက်တင်ဘာလနှင့် ၂၀၂၃ ဇန်နဝါရီလတို့တွင် ဈေးကွက်ထဲသို့ ထုတ်ရောင်းပေးခဲ့သည်။

ကြက်သွန်နီ ပထမရာသီတွင် ဧပြီ-ဇွန်တွင် ကြက်သွန်နီအသစ်ပေါ်သည်။ အိန္ဒိယနိုင်ငံ စားသုံးမှုစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းကို ဖြည့်တင်းပေးသည်။ ဒုတိယရာသီတွင် အောက်တိုဘာ-နိုဝင်ဘာတွင် ကြက်သွန်နီ အသစ်ပေါ်သည်။

အစိုးရမှ ထုတ်ပြန်သော အချက်အလက်အရ ဇူလိုင်လ ၁၅ ရက်တွင် ကြက်သွန်နီ တကီလိုဂရမ်လျှင် ရူပီး ၂၆.၇၉ ပျမ်းမျှ ပေါက်ဈေးရှိသည်။ အမြင့်ဆုံးဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၆၅ ရူပီး ဖြစ်ပြီး အနိမ့်ဆုံးဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ၁၀ ရူပီးဖြစ်သည်။

**Source: tribuneindia**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6547-oninion.html

## အိန္ဒိယအစိုးရ ဆန်တင်ပို့မှုပိတ်ပင်သဖြင့် ဒေါ်လာ ၁ ဘီလီယံဖိုး စာချုပ်များဖျက်သိမ်းရမည်



ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ရန် အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်သည် ကုန်သည်များအား ကမ္ဘာ့ဈေးကွက်တွင် ကန်ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိ ဆန်မက်ထရစ်တန် ၂ သန်းခန့် ရောင်းချရန် စာချုပ်များကို ဖျက်သိမ်းရတော့မည်ဖြစ်ကြောင်း ကုန်သည်များက ပြောသည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကို တင်ပို့ပေးသည့် အိန္ဒိယနိုင်ငံသည် ၎င်း၏ အများဆုံးတင်ပို့သည့် ဆန်အမျိုးအစားကို တင်ပို့မှုချက်ချင်း ရပ်ဆိုင်းရန် ဇူလိုင်လ ၂၀ ရက်တွင် အမိန့်ထုတ်ခဲ့သည်။ ပြည်တွင်း ဆန်ဈေးနှုန်းများ တည်ငြိမ်စေရန်အတွက် ပြည်ပတင်ပို့မှု ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ ပြည်တွင်း ဆန်ဈေးနှုန်းများသည် တောက်လျှောက် မြင့်တက်လာခဲ့သည်။ ထို့ပြင် အယ်နီညိုရာသီဥတုကြောင့် စပါးအထွက်နည်းမည်ဖြစ်သဖြင့် ဆန်တင်ပို့မှုရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။

အစိုးရက ဆန်တင်ပို့မှုအပေါ် ကန့်သတ်ချက်များ ချမှတ်မည်ဟု မျှော်လင့်ထားသဖြင့် ကုန်သည်များသည် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း letters of credit (LC) များ၊ ငွေပေးချေမှုဆိုင်ရာ အာမခံချက်များ ရယူထားကြကြောင်း မွန်ဘိုင်းအခြေစိုက် ကုန်သည်တစ်ဦးကပြောပြသည်။ “ဒါပေမဲ့ ကုန်သည်လောကမှာ အစိုးရအနေနဲ့ ကန့်သတ်ချက်တွေကို မကြာခင်မှာ ချမှတ်လိမ့်မယ်လို့ မမျှော်လင့်ထားပါဘူး။ ဩဂုတ်၊ စက်တင်ဘာလလောက်ကျမှဖြစ်မယ်လို့ မှန်းဆထားကြပါတယ်။ ရလဒ်အနေဖြင့် ကုန်သည်များက စာချုပ်ကိုဖျက်သိမ်းရန် force majeure clause (မလွန်ဆန်နိုင်သောအဖြစ်)ကို အသုံးပြုရန်မှလွဲလို့ တခြားရွေးချယ်စရာမရှိပါဘူး" ဟု ၎င်းကပြောကြားသည်။

Force Majeure (မလွန်ဆန်နိုင်သောအဖြစ်) သည် စာချုပ်ပါအတိုင်း လိုက်နာဖြည့်ဆည်းရန် တားဆီးသည့် မမျှော်လင့်ထားသော ပြင်ပအခြေအနေများကို ရည်ညွှန်းပါသည်။ ကန်ဒေါ်လာ ၁ ဘီလီယံဖိုး ဆန်မက်ထရစ်တန် ၂ သန်းခန့် တင်ပို့ရန် စာချုပ်များကို ဖျက်သိမ်းကြရတော့မည်ဖြစ်ကြောင်း ကုန်သည်လေးဦးမှ အတည်ပြုသည်။

ဇူလိုင် ၂၀ ရက်တွင် အစိုးရက ထုတ်ပြန်သည့်တားမြစ်ချက်သည် ချက်ချင်းစတင်အသက်ဝင်မည်ဖြစ်ကြောင်း အမိန့်စာမှာ ဖော်ပြထားသည်။ လက်ရှိတင်နေသော သင်္ဘောများကိုသာ တင်ပို့ရန်ခွင့်ပြုမည်ဖြစ်သည်။ LC ရထားသော်လည်း သင်္ဘောမတင်သေးလျှင် ခွင့်ပြုမည်မဟုတ်ပါ။ "ပုံမှန်အားဖြင့် ကုန်သည်တွေက စာချုပ်တွေကို လက်မှတ် ကြိုတင်ရေးထိုးကြပါတယ်။ လာမယ့် လအနည်းငယ်အတွင်း သင်္ဘောတင်မှာတွေအတွက် ချုပ်ဆိုထားတဲ့စာချုပ်တွေ သင်္ဘောတင်လို့မရတော့ဘူး"ဟု Olam Agri India Ltd မှ အကြီးတန်း ဒုဥက္ကဋ္ဌ Nitin Gupta က ပြောကြားသည်။

အိန္ဒိယသည် လစဉ် ဘာစမာတီမဟုတ်သော ဆန်ဖြူတန်ချိန် ၅၀၀,၀၀၀ ခန့် ရောင်းချခဲ့သည်ဟု Gupta က ဆိုသည်။ အိန္ဒိယဆိပ်ကမ်းအသီးသီးတွင် ဆန်တန်ချိန် ၂၀၀,၀၀၀ ခန့် သင်္ဘောတင်နေသည်။ ၎င်းဆန်များကို တင်ပို့ရန် ခွင့်ပြုထားကြောင်း ဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောကြားသည်။

သက်တမ်းရှိ LC များ ရထားသည့်ဆန်များကိုလည်း တင်ပို့ရန် အစိုးရကခွင့်ပြုသင့်သည်ဟု Rao က ပြောကြားသည်။ သို့သော် အစိုးရက လိုက်လျောမည်မဟုတ်ဟု ကုန်သည်များက ပြောကြားသည်။ အချို့သော ဆန်တင်ပို့သူများသည် ပို့ကုန်ဆန်ဈေးကောင်းရသဖြင့် ဆန်စက်များထံမှ ဆန်ဝယ်ထားကြသည်။ ပြည်တွင်း ဆန်ဈေးကျမည်။ ကုန်သည်များ အရှုံးပေါ်ကြမည်။ ကမ္ဘာ့ဆန်ဈေး မြင့်တက်မည်။

အိန္ဒိယမှ ဘာစမာတီမဟုတ်သောဆန်ကို အများဆုံးဝယ်ယူသည့်နိုင်ငံများမှာ ဘီနင်၊ ဆီနီဂေါ၊ အိုင်ဗရီကို့စ်၊ တိုဂို၊ ဂီနီ၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါတို့ဖြစ်သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6549-india-rice.html

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်နေ့ များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၇၀၉၉၈၀.၈၈၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၂၆၇၅၇၄.၆၅၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ပဲတီစိမ်း၊ Aluminium Ingot၊ ဆန်၊ Lead Carbonate၊ ကြိမ်၊ ပြောင်းနှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၅၇၄၆၂.၈၇၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၅၂၅၁၈.၀၁၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ လယ်ထွန်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၄၅၀၁၇.၄၄၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၉၂၂၅၅၇.၂၁ တင်သွင်းမှု ရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့အထိ တစ်ဖက် တရုတ်ပြည်တွင် ဆန်မာ(၅၀)ကီလို တစ်အိတ်လျှင် ၁၈၀ ယွမ်၊ ဆန်ပျော့(၅၀)ကီလိုတစ်အိတ်လျှင် ၁၆၀ ယွမ်ဈေးပေါက်လျက်ရှိပြီး၊ မြန်မာကျပ်ငွေ နှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၃ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၁.၅၄ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနေ့သမြေကုန်သွယ်မှုဗဟိုဌာန**

# STOCK EXCHANGE (24.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Jul. 2023

### Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 17,006 (Shares) | 36,127,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +200 | +2.47% | 8,100 | 8,300 | 8,100 | 761 | 6,276,600 | 33,109,694 | 274,811 |
| MTSH | 00002 | 2,900 | +100 | +3.57% | 2,850 | 2,900 | 2,850 | 2,364 | 6,812,900 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 7,391 | 11,455,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,500 | 2,500 | 2,400 | 114 | 274,600 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,350 | 2,450 | 2,350 | 179 | 423,550 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 92 | 450,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 6,105 | 10,433,450 | 23,804,946 | 41,659 |

## Market summary

As of 24th Jul. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.01 | +6.21 | +1.74% | 357.02 | 364.69 | 357.02 | 17,006 | 36,127,350 | 8 | 686,591 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 24th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 17,006 (Shares) | 36,127,350 (MMK) |

### Main Board

As of 1:00 pm, 24th Jul. 2023

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 17,006 (Shares) | 36,127,350 (MMK) |

| MYANPIX | 364.01 ▲ 6.21 |
|---|---|
| Total Volume (shares) | 17,006 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,591 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 200 |
| MTSH | 00002 | 2,900 | ▲ 100 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |